


( ၁ )

**" စက်ယန္တရားအရောင်းအဝယ် – နှစ်ဦးသဘောတူကတိစာချုပ် "**

**Used Matador Excavator ME220 (1) Unit**

**(SO No. BCE-UNT-SO-24110001)**

**(Sr No. ME220SH0121)**

**Contract No. WL/MS -539/2024**

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ(၄)ရက်နေ့တွင် မြိတ်မြို့၌ အောက်အမည်ပါသူတို့က Used Matador Excavator ME220 (1)Unit စက်ယန္တရားအရောင်းအဝယ်သဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြသည်မှာ–

စက်ယန္တရားရောင်းချသူ ။ ။ ဦးဇော်မင်းမြတ် (ဘ) ဦးမြင့်စိန်
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် ၁၂/မရက(နိုင်)၁၁၄၄၁၁
(for and on the behalf of Common Purpose Co., Ltd.)
အမှတ်(၂၆၄)၊ ကမ်းနားလမ်းနှင့် ရွှေပြည်တန်လမ်း၊
သာကေတရပ်ကွက်၊ မြိတ်မြို့။

စက်ယန္တရားဝယ်ယူသူ ။ ။ ဦးအောင်ဇော်မိုး (ဘ) ဦးအောင်မြင့်
မှတ်ပုံတင်အမှတ် – ၆/ထဝန(နိုင်)၀၃၃၂၉၈
လိပ်စာ– အမှတ်(၂၃၀)၊ ကျောင်းသစ်လမ်း၊ တလိုင်းမရပ်ကွက်၊ ထားဝယ်မြို့။
ဆက်သွယ်ရန်ဖုန်းနံပါတ် – ၀၉–၂၅၄၃၆၉၆၇၇။

(စက်ယန္တရားရောင်းချသူနှင့် စက်ယန္တရားဝယ်ယူသူဟူသော စကားရပ်များကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ဤသဘောတူစာချုပ်တွင် သီးခြားဖော်ပြထားခြင်းမရှိပါက ၎င်းတို့ကိုယ်တိုင်အသီးသီးတို့အပြင် ၎င်းတို့၏ ဇနီး/ခင်ပွန်း၊ သား/သမီးများ၊ အမွေစား/အမွေခံများ၊ ဥပဒေနှင့်အညီအကျိုးခံစားခွင့်ရှိကြသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ ကိုယ်စားပြုခံရသူများအားလုံး ပါဝင်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။)

<u>အရောင်းအဝယ်ပြုတန်ဖိုးသတ်မှတ်ခြင်း</u>

**၁။** စက်ယန္တရားရောင်းချသူသည် ကုမ္ပဏီစီးပွားရေးလုပ်ငန်းအရ ရောင်းဝယ်လျက်ရှိသည့် စက်ယန္တရားရောင်းချသူ ပိုင်ဆိုင်သော Used Matador Excavator ME220 (1)Unit အတွက် စုစုပေါင်းတန်ဖိုးငွေ USD-72,000/-(USD-Seventy Two Thousand Only) ကို Landed Myeik နှုန်းဖြင့် ရောင်းချရန်အတွက် အဆိုပြုကမ်းလှမ်းလာသည်ကို အဆိုပါတန်ဖိုးဖြင့်ပင် ဝယ်ယူရန် စက်ယန္တရား ဝယ်ယူသူမှ သဘောတူညီသဖြင့် ယနေ့တွင် ဤသဘောတူစာချုပ်ကို ချုပ်ဆို၍ စက်ယန္တရားဝယ်ယူသူမှ နောက်ဆက်တွဲပါ စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရန် သဘောတူညီပြီးဖြစ်သည်ဟု မှတ်ယူဝန်ခံလျက် နှစ်ဦးသဘောတူ ရောင်းချလိုက်ပါသည်။

**၂။** ဤစာချုပ်ပါ "စက်ယန္တရား" ဟူသော စကားရပ်တွင် လက်ငင်းရောင်းချသည့် မူလစက်ယန္တရားနှင့် စက်အပိုပစ္စည်းများ၊ စက်ယန္တရားရောင်းချသူမှ လဲလှယ်တပ်ဆင်ပေးသည့် စက်အပိုပစ္စည်းများ ပါဝင်သည်ဟု မှတ်ယူရမည်။ သို့ရာတွင်စက်ယန္တရားဝယ်ယူသူမှ မိမိသဘောအလျောက် စက်ယန္တရားရောင်းချသူ၏ ခွင့်ပြုချက်မရရှိဘဲ လဲလှယ်တပ်ဆင်ထားသည့် စက်ယန္တရားနှင့် စက်အပိုပစ္စည်းများ ပါဝင်ခြင်းမရှိစေရ။

**၃။** စက်ယန္တရားဝယ်ယူသူသည် မိမိဝယ်ယူသည့်စက်ယန္တရားကို လက်ခံရရှိသည့်အခါတွင် မိမိမှာယူသည့် အမျိုးအစား၊ မော်ဒယ်၊ အသေးစိတ်အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေး၍လက်ခံရရှိကြောင်း လက်မှတ်ရေးထိုး လက်ခံရမည်။ အကယ်၍ဝယ်ယူသည့် စက်ယန္တရားများတွင် ချွတ်ယွင်းချက်တွေ့ရှိပါက ပြင်ဆင်ရေးဌာန (Service Center) သို့ စက်ယန္တရားလက်ခံရယူစဉ်ကတည်းက အကြောင်းကြားခေါ်ယူရမည်။ ဤကဲ့သို့လုပ်ဆောင်ခဲ့ခြင်းမရှိဘဲ စက်ယန္တရားများကို လက်ခံရယူခဲ့ပါက လက်ခံရယူသည့်စက်ယန္တရားများသည် မူလအကောင်းပကတိ အခြေအနေဖြင့် ဝယ်ယူသူထံသို့ လက်ရောက်ပေးအပ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

**၄။** ရောင်းချလိုက်သည့်စက်ယန္တရားကို ပစ္စည်းလွှဲပြောင်းလက်ခံရမည့်နေ့ရက်မှစ၍ (၁)လအတွင်း ပစ္စည်းလွှဲပြောင်း လက်ခံရယူရမည်။ (၁)လကျော်လွန်ပါက စက်ပစ္စည်းများသိမ်းဆည်းခအဖြစ် နိုင်ငံခြားငွေဖြင့်ဝယ်ယူသည့် စက်ယန္တရား တစ်ယူနစ်အတွက် တစ်ရက်လျှင်(၂၀)ဒေါ်လာနှုန်းဖြင့်လည်းကောင်း၊ မြန်မာငွေဖြင့်ဝယ်ယူသည့် စက်ယန္တရားတစ်ယူနစ် အတွက် တစ်ရက်လျှင်(၁၅၀၀၀)ကျပ်နှုန်းဖြင့်လည်းကောင်း စက်ယန္တရားဝယ်ယူသူမှ ပေးဆောင်ရမည်။ ပစ္စည်းလွှဲပြောင်း လက်ခံရမည့်နေ့မှ(၂)လအတွင်း ပစ္စည်းလွှဲပြောင်းလက်ခံရယူခြင်းမရှိပါက အခြားဝယ်ယူမည့်သူများသို့ စက်ယန္တရားကို

စာမျက်နှာ (၂) သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၅၀ ကျပ် နှစ်ရာ့ငါးဆယ်ကျပ် K 250



လွှဲပြောင်းရောင်းချမည်ဖြစ်ပြီး နောက်တစ်ကြိမ် ပစ္စည်းလက်ခံရရှိသည့်အခါမှသာ စက်ယန္တရားကို ရရှိနိုင်မည်ဖြစ်ကြောင်း
စက်ယန္တရားဝယ်ယူသူမှ သဘောတူပါသည်။ ပစ္စည်းလွှဲပြောင်းလက်ခံရမည့်နေ့မှ (၃)လကျော်လွန်သည့်တိုင်အောင်
စက်ယန္တရားကို လွှဲပြောင်းလက်ခံရယူခြင်းမရှိပါက စာချုပ်ပျက်ပြယ်ပြီးဖြစ်သည်ဟု သဘောတူကြ၍ ပေးသွင်းထားခဲ့သော
ကြိုတင်ငွေများအား စက်ယန္တရားဝယ်ယူသူမှ ပြန်လည်ထုတ်ယူခွင့်မရှိကြောင်းလည်း နှစ်ဖက်သဘောတူညီကြပါသည်။

<u>ငွေပေးချေခြင်းစနစ်</u>

၅။ စက်ယန္တရားဝယ်ယူသူသည် Used Matador Excavator ME220 (1)Unit အတွက် တန်ဖိုးငွေ USD-72,000/- (USD – Seventy Two Thousand Only) ကို ကာလပေါက်ဈေးနှင့်ညီမျှသောမြန်မာကျပ်ငွေဖြင့် (၃၁-၁၀-၂၀၂၄) နေ့တွင် (RV NO. HQT-RV-2024-10-0858, HQT-RV-2024-10-0840) (၂-၁၁-၂၀၂၄) နေ့တွင် (RV NO. HQT-RV-2024-11-0006) ဖြင့် ရောင်းချသူ၏ မြိတ်ရုံးသို့ ပေးချေရာ လက်ခံရရှိပြီးဖြစ်ပါသည်။

<u>ရောင်းချသူ၏တာဝန်များ</u>

၆။ စက်ယန္တရားရောင်းချသူသည် စက်ယန္တရားဝယ်ယူသူထံသို့ စက်ယန္တရားကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလတွင်
ကုမ္ပဏီ၏ပစ္စည်းထုတ်ပြေစာနှင့်တကွ စက်ယန္တရားနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို စက်နှင့်အတူတစ်ပါတည်း
လက်ရောက်လွှဲပြောင်းပေးအပ်ရာ စက်ယန္တရားဝယ်ယူသူမှ လက်ခံရရှိပါသည်။

ဤစာချုပ်နှင့်ပူးတွဲပါစာရွက်စာတမ်းအားလုံးသည်တဆက်တစပ်တည်းဖြစ်သည်ဟု မှတ်ယူရမည်။

၇။ ဤစာချုပ်နှင့်ပူးတွဲပါစာရွက်စာတမ်းအားလုံးသည်တဆက်တစပ်တည်းဖြစ်သည်ဟု မှတ်ယူရမည်။
ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များနှင့်ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက

၈။ ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များနှင့်ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက Common Purpose Co., Ltd. အထွေထွေမန်နေဂျာ (General Manager) နှင့် စက်ယန္တရား ဝယ်ယူသူဘက်မှ တာဝန်ယူဆုံးဖြတ်နိုင်သည့်ပုဂ္ဂိုလ်တို့ နှစ်ဦးနှစ်ဖက်ညှိနှိုင်းဆွေးနွေးဆောင်ရွက်ရန်သဘောတူပါသည်။

ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များကို စက်ယန္တရားရောင်းချသူနှင့် စက်ယန္တရား ဝယ်ယူသူတို့က နှစ်ဦးနှစ်ဖက်အကြေအလည် ဆွေးနွေးပြီးနောက်ကိုယ်တိုင် ဖတ်ရှုသိရှိကောင်းစွာ နားလည်သဘော ပေါက်ကြပြီး မည်သူတစ်ဦးတစ်ယောက်ကခြိမ်းခြောက်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်ဩဇာအသုံးပြုခြင်းစသည်တို့ လုံးဝကင်းရှင်းလျက် မိမိတို့၏လွတ်လပ်သော သဘောဆန္ဒနှင့်အညီ အောက်ပါ အသိသက်သေများ၏ရှေ့မှောက်တွင် အတည်ပြုလက်မှတ်ရေးထိုး၍ ဤသဘောတူစာချုပ်ကိုပြုလုပ် ချုပ်ဆိုကြပါသည်။

<u>စက်ယန္တရားရောင်းချသူ</u>

(signed) 11/11/24

ဦးဇော်မင်းမြတ် (၁၂/မရက(နိုင်)၁၁၄၄၁၁)
(for and on behalf of Common Purpose Co., Ltd.)

<u>စက်ယန္တရားဝယ်ယူသူ</u>

(signed, thumbprint)

ဦးအောင်ဇော်မိုး (၆/ထဝန(နိုင်)၀၃၃၂၉၈)

<u>အသိသက်သေများ</u>

လက်မှတ် - (signed)
အမည် - ကိုသန့်ဇော်နိုင်
နိုင်ငံသားစိစစ်ရေးကတ်အမှတ် - ၁၂/ကမရ(နိုင်)၀၆၁၄၁၁
နေရပ် - အမှတ်(၂၆၄)၊ ကမ်းနားလမ်းနှင့်ရွှေပြည်တန်လမ်း၊
- သာကေတရပ်ကွက်၊ မြိတ်မြို့၊တနင်္သာရီတိုင်း။

လက်မှတ် - (signed)
အမည် - ဒေါ်မြင့်မြင့်သန်း
နိုင်ငံသားစိစစ်ရေးကတ်အမှတ် - ၆/သရခ(နိုင်)[illegible]
နေရပ် - အမှတ်(၂၃၀)၊ [illegible]
- [illegible]

လက်မှတ် - (signed)
အမည် - ဒေါ်မွန်မွန်ဦး
နိုင်ငံသားစိစစ်ရေးကတ်အမှတ် - ၈/ပခက(နိုင်)၂၆၂၀၄၁
နေရပ် - အမှတ်(၂၆၄)၊ ကမ်းနားလမ်းနှင့်ရွှေပြည်တန်လမ်း၊
- သာကေတရပ်ကွက်၊ မြိတ်မြို့၊တနင်္သာရီတိုင်း။